■ လွတ်ငြိမ်း ၁၆ ကြိမ်တွင် နိုင်ငံရေးအကျဉ်းသား ၈ ဒသမ ၆ ရာခိုင်နှုန်းသာပါဝင်

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၅ ခုနှစ် ဧန်နဝါရီ ပထမပတ်အထိ)

စစ်ကောင်စီ အာဏာသိမ်းချိန် လေးနှစ်နီးပါးကာလအတွင်း လွတ်ငြိမ်းခွင့် ၁၆ ကြိမ် ကြေညာခဲ့ပြီး အကျဉ်းကျခံနေရသူ ၁၀၁,၇၂၉ ဦးကို ပြန်လွှတ်ခဲ့သည်။ ထိုအထဲတွင် နိုင်ငံရေးအကျဉ်းသား ၈,၇၆၂ ဦး၊ ရာခိုင်နှုန်းအားဖြင့် ပြန်လွှတ်ပေးသူ စုစုပေါင်း၏ ၈ ဒသမ ၆ ရာခိုင်နှုန်းသာ ပါဝင်ခဲ့သည်။ စစ်အာဏာသိမ်းမှုကို လက်မခံမှုနှင့် ဆန့်ကျင်မှုများကြောင့် ဖမ်းဆီးခံထားရသူ နိုင်ငံရေးအကျဉ်းသား ၂၁,၄၉၉ ဦးထက်မနည်း ရှိနေဆဲဖြစ်ပြီး ၉,၉၅၈ ဦးထက်မနည်းမှာ ထောင်ဒဏ်တနှစ်မှ အမြင့်ဆုံး သေဒဏ်အထိ ချမှတ်ခံထားရသည်။

မှတ်ချက် - ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှုစနစ်နှင့်အညီ စုဆောင်းထားရှိသော ကိန်းဂဏန်းများဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) ကဲ့သို့ လွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေအပါအဝင် ဒေတာရရှိမှု အကန့်အသတ်များကြောင့် အနည်းငယ် ကွဲလွဲမှုရှိနိုင်ပါသည်။

* နိုင်ငံရေးအကျဉ်းသား ပါဝင်မှုအရေအတွက်သည် စစ်ကောင်စီ၏ ထုတ်ပြန်ချက်ဖြစ်သည်။ လွတ်လပ်သောအဖွဲ့အစည်းများ၏ ကနဦးစာရင်းများအရ ဧန်နဝါရီ ၆ ရက်အထိ နိုင်ငံရေးအကျဉ်းသား ၃၄၄ ဦးထက်မနည်း လွတ်မြောက်ကြောင်း သိရသည်။